Highlights from DVB Debate's which ministries perform best?

Dec 16th, 2017

Which ministries perform best?

"လက်ရှိအစိုးရ ငါးနှစ်သက်တမ်းမှာ ခုဆိုနှစ်နှစ်ပြည့်တော့မယ်။ သုံးနှစ်ပဲကျန်တော့မယ်။ စောင့်ကြည့်ရမယ်။ ခုဆိုဗဟိုချုပ်ကိုင်မှုများလွန်းနေတယ်။ ဝန်ကြီးတွေတော်တာမတော်တာ အပထား။ ဝန်ကြီးတွေအကုန်လုံးက အထက်ကိုကြောက်နေရတယ်။ ဝန်ကြီးကတော်တယ်ဆိုရင်လည်း လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်မရှိဘူး။ တိုင်းဒေသကြီးနဲ့ပြည်နယ်ဝန်ကြီးချုပ်တွေတော်တယ်ဆိုရင် သူတို့ကို လုပ်ပိုင်ခွင့်ပေးရမယ်။ "

## ဒေါက်တာခင်ဇော်ဝင်း(ဒါရိုက်တာ၊ တမ္ပဒီပ အင်စတီကျု)

---

"ဝန်ကြီးတွေမှာ လုပ်ပိုင်ခွင့်ရှိပါတယ်။ သို့သော် သူတို့ကိုယ်တိုင်ကြောက်နေတာပါ။ ဘယ်သူကမှ ဘာလုပ်လို့မှားသွားလို့ အရေးယူမယ် ထောင်ချပစ်မယ်ဆိုတာမျိုး မရှိပါဘူး။ "

## မဇင်မာအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။ NLD)

---

"ဒေါ်အောင်ဆန်းစုကြည်က ကော်မတီ (၁၆)ခုကိုင်ထားတယ်။ အားလုံးသည် သူ့ဆီကိုပဲ သွားရတာ။

ဗဟိုချုပ်ကိုင်မှုဆိုတာ ဒါကိုဆိုလိုတာပါ။ခုဆို ဗျူရိုကရေစီယန္တရားကတက်မလာဘူး။ ဗျူရိုကရေစီယန္တရားကို ပြင်ဖို့နှစ်နှစ်ရှိပြီ။ ခုထိမပြင်နိုင်သေးဘူး။ အားလုံးရဲ့အဂ္ဂသည် နိုင်ငံတော်အတိုင်ပင်ခံရုံးမှာရှိနေတယ်။ "

**ကိုနေထွန်းနိုင်( အယ်ဒီတာ။ Myanmar Quarterly. မဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးဂျာနယ်)**

---

"ဒေါ်အောင်ဆန်းစုကြည်က အဲ့သလိုယူထားလို့ အောက်ကလူတွေက ဘာမှလုပ်ပိုင်ခွင့်မရှိဘူးဆိုတာကိုတော့ ကျမ သဘောမတူဘူး။ "

## မဇင်မာအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။ NLD)

---

"ဒီမိုကရေစီအစိုးရလက်ထက်မှာ ဝန်ကြီးဌာန ၃၆ ခုကနေ ၂၂ ခုထိ ပြောင်းသွားခဲ့တယ်။ သို့သော်ဝန်ကြီးဌာနတွေမှာ အမြစ်တွယ်နေတာတွေရှိတယ်။ စစ်ဘက်ဆိုင်ရာအီလစ်တွေ လူမှုရေးဆိုင်ရာ၊ဗျူရို ကရေစီအီလစ်တွေကနိုင်ငံရေးရဲ့အလယ်ကနေအပေါ်ထိအလွှာကိုအဲ့ဒီလူတွေကအပိုင်စီးထားတာပါ။ ဗျူရိုကရေစီ ယန္တရားတစ်ခုလုံးကို နှစ်ပေါင်းများစွာ ဒီလူတွေက အပိုင်စီးထားတာပါ။ "

"Executive level အုပ်ချုပ်ရေးနယ်ပယ်၊ Policy Level မူဝါဒချမှတ်ရေးနယ်ပယ်က ချိန်းသော်ငြားလည်းပဲ၊ အမြစ်တွယ်နေတဲ့ ဒုနဲ့ဒယ်နဲ့အကျိုးစီးပွားညီညွတ်တဲ့ လူတွေက သူတို့ရဲ့အကျိုးစီးပွားကိုထိတော့မယ်ဆိုရင် ပြဿနာဖြစ်အောင်အမြဲမွေးနေတယ်။"

**သန်းစိုး( ဘောဂဗေဒ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

---

"ဘယ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီပြောင်းတဲ့နိုင်ငံတွေမှာများ နှစ်နှစ်နဲ့လုံးဝဥသုံပြောင်းလဲသွားတဲ့ ဒီမိုကရေစီ တိုင်းပြည်ရှိလား။ ရှိခဲ့ရင် ကျမကို ပြပါ။ "

**မဇင်မာအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။ NLD)**

---

**"**ဦးသိန်းစိန်လက်ထက်မှာ ဖုန်းတွေကားတွေ သိသာထင်ရှားစွာလုပ်နိုင်ခဲ့တယ်။ ဒီအစိုးရလက်ထက်မှာ ဆင်းရဲမွဲတေမှုဘယ်နှစ်ရာခိုင်နှုန်းထိ လျော့တွနိုင်မယ်လို့သိရပြီလား။ နှစ်နှစ်အတွင်းမှာ ဂေဖန်ထောက်ပြနေတာသည် ရလဒ်တွေကိုပြောနေတာ။ တိုက်ခိုက်နေတာမဟုတ်ဘူး။ အပြစ်ပြောနေတာ မဟုတ်ဘူး။"

**ကိုနေထွန်းနိုင်( အယ်ဒီတာ။ Myanmar Quarterly. မဟာဗျူဟာနဲ့ မူဝါဒလေ့လာရေးဂျာနယ်)**

---

"စီးပွားရေးအရ ဂျက်လေယာဉ်ကြီးတက်မယ်လို့စပြောကတည်းကိုက ကျနော်မယုံကြည်ခဲ့ဘူး။ သိပ်မကြိုက်ဘူး။ ပြောဖို့စောသေးတယ်လို့ကျနော်ထင်တယ်။ "

**သန်းစိုး( ဘောဂဗေဒ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

---

“လွှတ်တော်ရဲ့ တာဂန်ကအစိုးရကို CHECK AND BALANCE ပါ။ အခုဟာက အဲ့ဒီအပိုင်းပျောက်နေတယ်။”

**ဒေါက်တာခင်ဇော်ဂင်း(ဒါရိုက်တာ၊ တမ္ပဒီပ အင်စတီကျု)**

---

“ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဂန်ကြီးတွေက လွှတ်တော်မှာဟိုလိုလိုဒီလိုလိုလာဖြေရင်တောင်မှ ဂင်ဂင်ပြီး တော့ ဂန်ကြီးဌာနတွေကို ဖိအားပေးတဲ့အပိုင်း တွေရှိ ပါတယ်။”

**မဇင်မာအောင် (ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်။ NLD)**

---

“ဂန်ကြီးတွေရဲ့ စွမ်းဆောင်ရည် နိမ့်ပါးတာ ပြဿနာရှိတယ်။ “

**သန်းစိုး( ဘောဂဗေဒ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

---